# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 29 , 2022 | Volume 52, Number 19

**၂၉.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၇၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၂.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၂၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၁.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဇာတ်ကြီးဆယ်ဘွဲ့ထုတ်နုတ်ရုပ်ကြွပန်းပုလက်ရာများနှင့် လှည်းယဉ်ကြော့များကို အလှထားရန် မှာယူမှုများရှိလာ



Source: ရတနာပုံသတင်းစာ

ရတနာပုံခေတ် လက်ရာအတိုင်း ပုံတူထုလုပ်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့ထုတ်နုတ် ရုပ်ကြွပန်းပုလက်ရာများနှင့် လှည်းယဉ်ကြော့များကို အလှထားရန် မှာယူမှုများရှိလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင် အမှတ်တရပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

ရတနာပုံခေတ်လက်ရာအတိုင်း တည်ဆောက်ထားသည့် မြန်မာ့ရှေးလက်ရာ လှည်းယဉ်ကြော့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်များနှင့် ကုမ္ပဏီရုံးခန်းများတွင် အလှထားရန်မှာယူခြင်းဖြစ်ပြီး ဇာတ်ကြီးဆယ်ဘွဲ့ ထုတ်နုတ်လက်ရာ သစ်ထွင်းရုပ်ကြွပန်းပုလက်ရာများကိုလည်း ဟိုတယ်၊ မိုတယ်များနှင့် ကုမ္ပဏီရုံးခန်းများတွင် အလှဆင်ထားရှိရန် မှာယူကြခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဇန်နဝါရီလကစပြီး ရှေးဟောင်းလက်ရာအတိုင်း ထပ်တူပြုလုပ်ထားတဲ့ Modern Antiques တွေကို မှာတဲ့သူတွေများလာတယ်။ အရင်တုန်းက ဟိုတယ်၊ မိုတယ်တွေ၊ ကုမ္ပဏီခန်းမတွေမှာ အလှပြင်ဖို့ မှာယူကြတာများပေမဲ့ အခုနောက်ပိုင်းကျတော့ ခြံဝင်းကျယ်ကျယ်ထဲမှာ အလှထားဖို့ကော မင်္ဂလာအခမ်းအနားတွေမှာပါ အသုံးပြုဖို့အတွက် မှာယူတာတွေရှိလာတယ်။ ရှေးလက်ရာအတိုင်းရဖို့ မန္တလေး၊ စစ်ကိုင်းဘက်ကို အော်ဒါမှာရတယ်။ နောက်ရုပ်ကြွပန်းပုလက်ရာလဲ အမှာတွေ ရှိလာတယ်။ သူတို့က ရှေးလက်ရာအတိုင်း လိုချင်တာဆိုတော့ အဲဒီအတိုင်းထုလုပ်ပေးဖို့ ပဲခူးနဲ့ဒါးပိန်က ပန်းပုဆရာတွေဆီအပ်ရတယ်။ အခုအမှာတက်နေတဲ့ လှည်းယဉ်ကြော့တို့၊ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်ကြွတွေက လုပ်တဲ့သူလဲရှားသလို အချိန်လဲပေးရတယ်။ သုံးလေးလလောက်ကြာမှ ထုတ်ကုန်တစ်ခုလောက်ထွက်တာပါ"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

ရတနာပုံခေတ်လက်ရာအတိုင်း ပုံတူထုလုပ်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့ ထုတ်နုတ် ရုပ်ကြွပန်းပုရုပ်တုများမှာ အလျား သုံးပေ၊ အနံ ခြောက်ပေ သစ်တစ်လုံးတည်းကို ထွင်းထုထားခြင်းဖြစ်ပြီး လှည်းယဉ်ကြော့မှာလည်း ရှေးလက်ရာအတိုင်း

ထပ်တူပြုလုပ်ထားခြင်းဖြစ်ကာ စျေးနှုန်းများမှာ ငွေကျပ် သိန်း ၂ဝ ခန့်ဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် သတ်မှတ်ချက်များအား ပြင်ဆင်ထုတ်ပြန်ခြင်း

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Tradenet 2.0 စနစ်တွင် လိုင်စင်နှင့်ပါမစ်များ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအလိုက် သတ်မှတ်ထားသောကာလအတွင်း လိုက်နာဆောင်ရွက်နိုင်ရေး အသိပေးထုတ်ပြန်လိုက်သည်-

(က) သတင်းလွှာအမှတ် (၁၆/၂၀၂၁)ဖြင့် ထုတ်ပြန်ထားသော "အသစ်လျှောက်ထားသည့်လိုင်စင်နှင့်ပါမစ်များအား ဌာနမှခွင့်ပြုကြောင်း Approved ပေးပြီးသည့် နေ့မှ (၁၀)ရက် အတွင်း လုပ်ငန်းရှင်မှ အဆိုပါလိုင်စင်/ပါမစ်များ အတွက် သတ်မှတ်လိုင်စင်ကြေး ပေးသွင်းခြင်းမပြုပါက စနစ်မှ Auto Cancel ပြုလုပ်မည့်ကိစ္စ"တွင် ယခင် သတ်မှတ်ချက် (၁၀)ရက်အစား (၇)ရက်ဟု ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်သည်။

(ခ) လုပ်ငန်းရှင်များ၏ လိုင်စင်/ပါမစ်လျှောက်ထားမှုအပေါ် ဌာနမှစစ်ဆေးချက်အရ ပြင်ဆင်ရန်လိုအပ်ချက်ရှိခြင်း၊ စာရွက်စာတမ်းပြည့်စုံမှုမရှိခြင်းကြောင့် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ချက်များကို Message ပေးပို့သည့်နေ့မှ (၇)ရက် အတွင်း လုပ်ငန်းရှင်ပြင်ဆင်၍ ပြည့်စုံစွာပြန်လည်တင်ပြရန်နှင့် (၇)ရက်အတွင်း ပြန်လည် တင်ပြခြင်း မရှိပါက အဆိုပါလိုင်စင်/ပါမစ်များကို စနစ်မှ Auto Cancel ပြုလုပ်သွားမည်ဖြစ်သည်။

သို့ပါ၍ လုပ်ငန်းစဉ်များအလိုက် သတ်မှတ်ကာလ (၇)ရက်အတွင်း လုပ်ငန်းရှင်များမှ သတ်မှတ်လိုင်စင်ကြေးပေးသွင်းမှု သို့မဟုတ် လိုအပ်ချက်များအား ပြည့်စုံစွာပြင်ဆင်ဖြည့်စွက်မှုမရှိသည့် သွင်းကုန်၊ ပို့ကုန်လိုင်စင်လျှောက်ထားမှုများအား Tradenet 2.0 စနစ်တွင် Auto Cancel ပြုလုပ်သည့်လုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

Source: ကုန်သွယ်ရေးဦးစီးဌာန

## နေလှန်းဆားအထွက်နှုန်းကျဆင်းသဖြင့် စျေးကောင်းရရန် တောင်သူများမျှော်လင့်

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မဲခရဲဆားတိုက်နယ်မှ ယခုနှစ်နေလှန်းဆားရာသီ၌ မကြာခဏ ရာသီဥတု ဖောက်ကာ မိုးရွာသွန်းမှုများကြောင့် ဆားအထွက်နှုန်းကျဆင်းကာ ဆုံးရှုံးမှုများရှိပြီး စျေးကောင်းရရန် ဆားတောင်သူများ အနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မဲခရဲဆားတိုက်နယ်၌ နေလှန်းဆားလုပ်ငန်းကို အောက်တိုဘာလမှစတင်ကာ ရာသီဥတုကောင်းမည်ဆိုပါက မေလအထိ လုပ်ကိုင်ကြပြီး ဒေသအတွင်းမှ ထွက်ရှိသည့်ဆားကြမ်းများကို ပုသိမ်၊ မြောင်းမြနှင့်ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ ကြ ကာ ယခုနှစ် ဆားထုတ်လုပ်သည့်ရာသီ၌ မကြာခဏ မိုးရွာသွန်းမှုများ ရှိနေသည့်အတွက် ဆားလုပ်ငန်းများပျက်စီးကာ အထွက်နှုန်းလျော့ကျခဲ့ပြီး ပြန်လည်လုပ်ဆောင်နေကြရသည့်အတွက် ထုတ်လုပ်မှုစရိတ်မြင့်မားခဲ့ကာ အခက်အခဲများရှိခဲ့ ကြောင်း ဆားတောင်သူများထံမှသိရသည်။ "ဒီနှစ်ဆားအထွက်နှုန်းက အတော်ကိုလျော့ကျသွားတယ်။ ဆားအထွက်ဆုံးကွင်းမှ ၅ဝ ရာခိုင်နှုန်းလောက်ပဲထွက်တော့ အရင်နှစ်တွေနဲ့ယှဉ်ကြည့်ရင် ဆားထွက်ရှိမှုက ထက်ဝက်လောက်ကို လျော့ကျသွားပါ တယ်။ ဆားစျေးကောင်းမှသာ တောင်သူတွေအနေနဲ့ အဆင်ပြေကြမှာပါ "ဟု ဆားတောင်သူ ဦးချစ်သိန်းကပြောသည်။

ဟိုင်းကြီးကျွန်းမြို့ မဲခရဲဆားတိုက်နယ်တွင် ယခင်နှစ်က ဆားထုတ်လုပ်သည့် တောင်သူဦးရေ ၁၀ဝ ကျော်၊ ဆားထုတ်လုပ် သည့်ဧက ၃၀ဝဝ ကျော်ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင် တောင်သူ ၈ဝ ကျော် ဧက ၂၅ဝဝ ဝန်းကျင်ခန့်သာ ဆားထုတ်လုပ်လျက် ရှိကြောင်း၊ လက်ရှိတွင် ဆားကြမ်းစျေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇ဝ မှ ၂၀ဝ ဝန်းကျင်ရှိပြီး တောင်သူများမှာ အရောင်းအဝယ်မပြုလုပ်ကြသေးဘဲ ဆားစျေးအခြေအနေအား စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23693

## တံတားဦးမြို့နယ်ရှိ တောင်သူများ ကုလားပဲပေါ်ချိန် ဈေးကောင်းရရှိ



https://www.myawady.net.mm/node/23679

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တံတားဦးမြို့နယ်မှ တောင်သူများ ကုလားပဲပေါ်ချိန် ဈေးကောင်းရရှိသဖြင့် အချိန်မီရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးမြို့နယ် စကားအင်းကျေးရွာမှ တောင်သူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

ဒီနှစ်ကုလားပဲပေါ်ချိန်မှာ မနှစ်ကထက် ဈေးကောင်းတယ်။ မနှစ်က ကုလားပဲတစ်တင်းကို ငွေကျပ် ၂၈၀၀၀ လောက်က စရောင်းရတာ။ နောက်ပိုင်းမှ ငွေကျပ် ၃၀၀၀၀ လောက်ရတာ။ ဒီနှစ် ကုလားပဲစပေါ်ချိန်မှာ ငွေကျပ် ၄၅၀၀၀ လောက်က စရောင်းရတာဆိုတော့ ဈေးကောင်းတယ်ပြောရမယ်။ ကုလားပဲအဖြူ B2 ဆို ငွေကျပ် ၄၃၀၀၀ ရရှိပြီး ရိုးရိုးကုလားပဲ အဝါကို ငွေကျပ် ၄၀၀၀၀ ရတယ်။ ဒီလို ဈေးကောင်းကောင်းနဲ့ရောင်းရရင် တောင်သူတွေအတွက် ထိုက်သင့်တဲ့အကျိုးအမြတ် ရရှိတယ်။ ဒါကြောင့် ကုလားပဲဈေးကောင်းချိန်အမီ ရောင်းချနိုင်ဖို့ ဆောင်ရွက်နေတယ်ဟု စကားအင်းကျေးရွာမှ တောင်သူ ဦးညွန့်ဝေက ပြောသည်။

ကုလားပဲကို တန်ဆောင်မုန်းနှင့် နတ်တော်လတို့၌ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးပြီး ကုလားပဲခင်းများတွင် သီးညှပ်အဖြစ် နေကြာကိုလည်း စိုက်ပျိုးလေ့ရှိကြသည်။ ကုလားပဲစိုက်ပျိုးခြင်းသည် တောင်သူများအတွက် ကုန်ကျစရိတ်သက်သာပြီး သီးညှပ်သီးနှံဖြစ်သော နေကြာများရရှိခြင်းတို့ကြောင့် ဆောင်းသီးနှံကုလားပဲကို နှစ်စဉ်စိုက်ပျိုးလေ့ရှိကြောင်းသိရ သည်။

**Source:** https://www.myawady.net.mm/node/23679

## မအူပင်မြို့နယ်တွင် ငါးမြစ်ချင်းတစ်ပိဿာငွေကျပ် ၅၀၀၀ ထိဈေးကောင်းရရှိ



**Source:** ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ထိဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ်ရှိ ဆွေသဟာ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးထက်ဆန်းကပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဖေဖော်ဝါရီလက ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၃၉၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသမှထွက်ရှိသော ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ ဒေသထွက်ငါးမြစ်ချင်းများ အထွက်နှုန်းနည်းပြီး ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများနေခြင်းကြောင့် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။


“ဖေဖော်ဝါရီလက ငါးမြစ်ချင်းငါး ဈေးမကောင်းခဲ့ပါဘူး၊ မတ်လ ဒုတိယပတ်ကစပြီး အခုထိ ဈေးကောင်းရရှိနေတာပါ။ ငါးမြစ်ချင်းကို အဓိကတင်ပို့နေရတဲ့ ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှုအားကောင်းနေတယ်။ လက်ရှိ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ထိ ဈေးရရှိနေတယ်။ ဒီဈေးက စားသုံးသူတွေကော၊ မွေးမြူသူတွေပါ အဆင်ပြေတဲ့ ဈေးနှုန်းဖြစ်ပါတယ်”ဟု မအူပင်မြို့နယ်ရှိ ဆွေသဟာ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးထက်ဆန်းကပြောပြသည်။ မအူပင်မြို့နယ်တွင် ငါးမြစ်ချင်းငါးမွေးမြူရေးလုပ်ငန်းလုပ် ကိုင်သူ ၃၇ ဦးခန့်ရှိကြောင်း၊ ငါးမြစ်ချင်းငါးမွေးမြူမည်ဆိုပါက မြေလေးဧက (သို့မဟုတ်) သုံးဧကအကျယ်ရှိ ကန်တစ်ကန်တူးဖော်၍ မွေးမြူရေးအထွေထွေကုန်ကျစရိတ် စုစုပေါင်း ငွေကျပ်ခုနှစ်သိန်းရင်းနှီးရပြီး သုံးလကျော်လျှင် ကန်ဖော်၍ရောင်းချနိုင်ကြောင်း သိရသည်။

“လက်ရှိရနေတဲ့ ငါးဈေးကမဆိုးဘူးလို့ပြောလို့ရတယ်။ တအားဈေးကောင်းလာတာ မဟုတ်ပေမဲ့ ဒီဈေးက အဆင်ပြေတယ်။ လက်ရှိဒီဈေးကိုရဖို့ ကန်ဖော်ရောင်းသူတွေရှိနေပါတယ်။ တစ်ရက်ကို ငါးပိဿာချိန် ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေတယ်။ ငါးမြစ်ချင်းတစ်ကန်ကို အထွေထွေမွေးမြူရေးကုန်ကျစရိတ် ငွေကျပ် ခုနှစ်သိန်းလောက်ရှိတယ်။ ငါးအစာဈေး

ကတော့ ကိုယ်ကျွေးတဲ့အပေါ်မူတည်ပါတယ်”ဟု မအူပင်မြို့မှ ငါးမြစ်ချင်းမွေးမြူရေးလုပ်ငန်းရှင် ဦးကြည်ဝင်းကပြော၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီးတွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိဈေးကောင်းရနေ



**Source:** ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးတွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့နယ် မြေပဲစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလက မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ထိသာဈေးရရှိခဲ့ပြီး လက်ရှိတွင် မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ပြည်တွင်းထုတ်ဆီ စားသုံးမှုမြင့်တက်လာပြီး ဆုံဆီကြိတ်ခွဲရန်အတွက် မြေပဲဆန်များအဝယ်လိုက်လာသောကြောင့် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

“ပြည်ပကနေတင်သွင်းတဲ့ စားအုန်းဆီနဲ့ပြည်တွင်းကနေထွက်ရှိတဲ့ ပဲဆီဈေးက သိပ်ကွာခြားမှုမရှိတော့ ပဲဆီကို စားသုံးသူတွေများလာပါတယ်။ ဒါကြောင့် ပဲဆီထုတ်လုပ်သူတွေလဲ များလာပါတယ်။ ပဲဆီထုတ်လုပ်သူတွေများလာတော့ မြေပဲဆန်တွေအဝယ်များလာပြီး ဈေးကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက် မြေပဲဆန်တွေက အရည်အသွေးကောင်းတယ်။ ဒါကြောင့် ဆီကြိတ်ခွဲရာမှာလဲ အဆင်ပြေပြီး ပဲဆီကသန့်ပါတယ်”ဟု ပုသိမ်မြို့နယ် မြေပဲစိုက်ပျိုးထုတ်လုပ်သူများအသင်း တာဝန်ခံဦးမြင့်ဆွေက ပြောပြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မြေပဲဆန်ပေါ်သည့်ကာလဖြစ်သော်လည်း မြေပဲဆန်များ ဝယ်လိုအားများနေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါမြေပဲဆန်ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကာလအတန်ကြာရပ်နားခဲ့ရသည့် ဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများလည်း ပြန်လည်လည်ပတ်လာကြောင်း သိရသည်။

“ဒီနှစ် မြေပဲဆန်ဈေးကောင်းလာတော့ ဆောင်းမြေပဲစိုက်သူတွေ ဈေးကောင်းတဲ့အခွင့်အရေးကို ခံစားရတော့မှာ ဖြစ်ပါတယ်။ လက်ရှိမြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ထိဈေးရနေပါတယ်။ ကျွန်မတို့ကတော့ လက်ကျန်မြေပဲအနည်းငယ်ပဲရှိတော့လို့ ဈေးကောင်းနည်းနည်းပဲရပါတယ်။ နွေမြေပဲ သုံးဧကကျော်လောက်စိုက်ဖို့ ပြင်ထားပါတယ်”ဟု ကျောင်းကုန်းမြို့နယ်မှ မြေပဲစိုက်တောင်သူ ဒေါ်လှဌေးကပြောပြသည်။

**Source:** ရတနာပုံသတင်းစာ

## မန္တလေးတိုင်းဒေသကြီး ပဲ၊ နှမ်းဈေးကွက်တွင် ပဲတီစိမ်းနှင့်ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးနှုန်းအတက်ဘက်ရောက်နေ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲတီစိမ်းနှင့်ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးနှုန်းအတက်ဘက်ရောက်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ ပဲတီစိမ်းနှင့်ထောပတ်ပဲကို ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းပြန်လည်မြင့်တက်လျက်ရှိကြောင်း သိရသည်။

“အရင်တစ်ပတ်က ပဲတီစိမ်းနဲ့ထောပတ်ပဲက ဈေးကွက်အတွင်း အဝယ်မလိုက်တာကြောင့် အရောင်းအဝယ်က ပုံမှန်အတိုင်းမဖြစ်ဘဲ ဈေးနှုန်းအကျဘက်ကို ရောက်သွားတယ်။ အခုလက်ရှိကတော့ အရောင်းအဝယ်ပြန်ကောင်းလာပြီး ဈေးတွေအနည်းငယ်ပြန်တက်လာပါတယ်”ဟု ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ မတ် ၂၁ ရက်က ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၂၀၀၀ သာ ဈေးရှိခဲ့သော်လည်း ယနေ့(၂၈.၃.၂၀၂၂)တွင် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ထိပေါက်ဈေးရှိပြီး ဈေးနှုန်းပြန်လည်တက်လာခဲ့ကြောင်းသိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း၌ မတ် ၂၀ ရက်က ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာဈေးရှိခဲ့သော်လည်း ယနေ့(၂၈.၃.၂၀၂၂) တွင် ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး ဈေးပြန်လည်တက်လာခဲ့ကြောင်း သိရသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့(၂၈.၃.၂၀၂၂)ပေါက်ဈေးအရ ကုလားပဲဈေးနှုန်းများမှာ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၄၀၀၀၊ ကုလားပဲ(V2)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၆၀၀၀၊ ကုလားပဲ(929)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၆၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## စီးပွားရေးသံမှူးသတင်းများ

### ဂျပန်နိုင်ငံမှ ရုရှားအပေါ်ချမှတ်လိုက်သည့် sanction များသည် ဂျပန်ဆူရှီဆိုင်များအပေါ် သက်ရောက်မှုများဖြစ်စေခဲ့

ဂျပန်နိုင်ငံမှ ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှု (sanction) များကြောင့် ဂျပန်ပြည်တွင်းရှိ ဆူရှီစားသောက်ဆိုင်များနှင့် ရေထွက်ကုန်တင်သွင်းသူများအပေါ် နောက်ဆက်တွဲအကျိုးဆက်အဖြစ် သက်ရောက်မှုရှိကြောင်းသိရပါသည်။

ဂျပန်ပြည်တွင်းရှိ ကဏန်းဈေးကွက်အကျပ်အတည်း အစပြုနေပြီဖြစ်ကြောင်း၊ ရေထွက်ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းဟု ဂျပန်နိုင်ငံတွင် တစ်ချိန်က ကမ္ဘာ့ရေထွက်ကုန်များ အကြီးအကျယ်ရောင်းချသော ဈေးကွက် တစ်ခုဖြစ်ခဲ့သည့် Tsukiji ဈေးဟောင်းရှိ Saito ငါးဆိုင်မှ တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

ဆူရှီစားသောက်ဆိုင်ပါ တွဲဖက်ဖွင့်လှစ်ထားသည့် ၎င်း Saito ငါးဆိုင်မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ကဏန်းဈေးနှုန်းများသည် ယခုမတ်လ အစပိုင်းမှစတင်ကာ ၂၀ % အထိ မြင့်တက်လာကြောင်း၊ ၎င်းတို့ဆိုင်တွင်ရောင်းချသည့် ကဏန်းအများစုမှာ ပြည်တွင်းထွက် ကဏန်းများဖြစ်ကြသော်လည်း ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှုများ၏သက်ရောက်မှုကြောင့် ရုရှားနိုင်ငံမှ ရေထွက်ကုန်တင်သွင်းမှုကို ပိတ်ပင်ပြီးနောက် ပြည်တွင်းကဏန်းဈေးနှုန်းများပါ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ ငါးလုပ်ငန်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဂျပန်သို့တင်သွင်းနေသည့် ကဏန်းများ၏ ၆၀ % သည် ရုရှားနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။ အခြားသော ပင်လယ်စာရောင်းချသည့် လုပ်ငန်းငယ်လေးများသည်လည်း အလားတူ အကျပ်အတည်းနှင့်ရင်ဆိုင်နေရကြောင်း၊ ငါးဥများကိုအသုံးပြုကာ ထမင်းလုံးများနှင့်ဖြစ်စေ၊ စပါကတီအနှစ်ဆော့စ်နှင့်ဖြစ်စေ ထည့်သွင်းတွဲဖက်စားသုံးနိုင်သော ဂျပန်ရိုးရာစားသောက်ကုန် Mentaiko ကို အဓိကထုတ်လုပ်သည့် Fukuya စားသောက်ကုန်လုပ်ငန်းသည် ရုရှားနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို အဓိကမှီခိုနေရပါသည်။

လတ်တလော၌ Fukuya စားသောက်ကုန်လုပ်ငန်းအနေဖြင့် အကျပ်အတည်းများစွာ သက်ရောက်မှုမရှိသေးသော်လည်း ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ သွင်းကုန်များအပေါ် ရေရှည်ကန့်သတ်ပိတ်ပင်မှုများချမှတ်မည်ဆိုပါက ဈေးနှုန်းများမြင့်တက်လာသည့် သက်ရောက်မှုများ ဖြစ်ပေါ်လာမည်ဟု Fukuya ၏ကိုယ်စားလှယ်က ပြောကြားခဲ့ပါသည်။

ပင်လယ်ထွက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပင်လယ်ရေတွင် အဆိပ်အတောက်များ ပါဝင်မှုမြင့်တက်လာသည့် ဒီရေနီပြဿနာ (red tide) နှင့် ရုရှား-ယူကရိန်းအကျပ်အတည်း၏သက်ရောက်မှုကြောင့် ကုန်ကြမ်းများပြတ်လပ်လာမှုအခက်အခဲကိုရှောင်ရှားနိုင်ရန် ဂျပန်ဆူရှီစားသောက်ဆိုင်များအနေဖြင့် မီနူးအသစ်များဖော်ဆောင်ရန် ပြင်ဆင်နေကြောင်းသိရပါသည်။

ပင်လယ်အတွင်း အန္တရာယ်ဖြစ်စေနိုင်သည့် ရေညှိပင်များ ထိန်းမနိုင်သိမ်းမရ ပွားများလာခြင်းကြောင့် ဒီရေနီပြဿနာကိုဖြစ်ပေါ်စေပြီး ပင်လယ်နေ ခရုများ၊ ရေသတ္တဝါများနှင့် ငှက်များကို ထိခိုက်စေနိုင်ပါသည်။ ဟော့ကိုင်းဒိုးကမ်းရိုးတမ်းတွင် ဒီရေနီ

ပြဿနာနှင့် ရင်ဆိုင်နေရသည့်အတွက် ၎င်းဒေသတွင် ဆော်လမွန်နှင့် အခြားပင်လယ်ရေထွက်ကုန်များရှားပါးမှုနှင့် ရင်ဆိုင်နေရပါသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် နော်ဝေးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံ တန်ဖိုးရှိ ကော့ဒ်ငါး၊ ဆော်လမွန်ငါးနှင့် အခြားရေထွက်ကုန်များကိုတင်ပို့ခဲ့ပြီး အာရှဒေသ၏ ဝယ်လိုအားမြင့်မားသည့်အတွက် ယခင်နှစ်မှတင်ပို့မှုထက် ၃၀ % တိုးတက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါပမာဏသည် နော်ဝေးနိုင်ငံ၏ကာလတူ ပင်လယ်စာပို့ကုန်တန်ဖိုးမှတ်တမ်းများတွင် အမြင့်မားဆုံးတန်ဖိုးဖြစ်ကြောင်း နော်ဝေးနိုင်ငံ၊ Seafood Council ၏ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Renate Larsen ကပြောကြားခဲ့ပါသည်။ သို့သော် လတ်တလော ရုရှားနှင့်ယူကရိန်း အကျပ်အတည်းသည် အနာဂတ် ကမ္ဘာ့ရေထွက်ကုန်စီးဆင်းမှုအပေါ် များစွာသက်ရောက်လာနိုင်ကြောင်း၊ ကမ္ဘာ့လေကြောင်းခရီးစဉ်များသည် ရုရှားနှင့်ယူကရိန်းဒေသတွင်း လေပိုင်နက်အတွင်းပျံသန်းမှုများ လျော့ချထားသည့်အတွက် အာရှဒေသသို့ ကုန်စည်စီးဆင်းမှုများ (အထူးသဖြင့်) လတ်ဆတ်သည့် ကုန်စည်များအတွက် များစွာ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောကြားခဲ့ပါသည်။

**Source:** https://asia.nikkei.com

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ဥရောပနိုင်ငံများအနေနှင့် ရုရှားမှ LNG ဓာတ်ငွေ့များ တင်သွင်းနေရခြင်းကို အစားထိုးရန် အမေရိကန်နိုင်ငံနှင့် စာချုပ်ချုပ်ဆို

ဥရောပနိုင်ငံများသည် ရုရှားနိုင်ငံမှ LNG ဓာတ်ငွေ့များ တင်သွင်းနေရခြင်းကို နောင်တွင် အမေရိကန်နိုင်ငံမှ LNG ဓာတ်ငွေ့များ အစားထိုးတင်သွင်းနိုင်ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ကြေညာခဲ့ပါသည်။ အဆိုပါစာချုပ်အရ အမေရိကန်နိုင်ငံမှ ဥရောပနိုင်ငံများသို့ ယခုနှစ်တွင် LNG ဓာတ်ငွေ့ ကုဗမီတာ ၁၅ ဘီလီယံ တင်ပို့သွားရမည်ဖြစ်ကြောင်း၊ အဆိုပါပမာဏသည် ယခင်စီစဉ်ထားသည့် ပမာဏထက်ပိုမိုသည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ခဲ့ပါသည်။ ယမန်နှစ်က ရုရှားနိုင်ငံမှ ဂျာမနီတစ်နိုင်ငံတည်းကိုပင် သဘာဝ ဓာတ်ငွေ့ ကုဗမီတာ ၅၉ ဘီလီယံကျော် တင်ပို့ခဲ့ကြောင်း သိရပါသည်။

လွန်ခဲ့သည့် နှစ်လအတွင်း အမေရိကန်နိုင်ငံမှ LNG ဓာတ်ငွေ့တင်ပို့မှု သိသိသာသာ တိုးတက်ခဲ့ကြောင်း၊ ယင်းအနက် ၇၀ ရာခိုင်နှုန်းသည် ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ယခင်က ၃၀ ရာခိုင်နှုန်း တင်ပို့ခဲ့ခြင်းထက် ပမာဏများစွာပိုမိုတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပ၏ စွမ်းအင်ဖြန့်ဖြူးမှုအစီအစဉ်က ၎င်း၏စွမ်းအင်သုံးစွဲမှုကို အကြီးမားဆုံး ပြောင်းလဲသွားနိုင်သည်ဟု Evercore ISI သုတေသနအဖွဲ့က မကြာခင်အချိန်က ထုတ်ပြန်ခဲ့ကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံသည် LNG ဓာတ်ငွေ့များကို ဥရောပနိုင်ငံများ လိုအပ်သည့်ပမာဏထိ မထုတ်လုပ်နိုင်ဟု အချို့သောသုတေသီများက ပြောကြားခဲ့ကြောင်း၊ ဥရောပ၏ဓာတ်ငွေ့ဝယ်လိုအားကို ပြည့်မီအောင်တင်ပို့နိုင်ရန် အခြားဝယ်လက်များမှ ပြန်လည်ဝယ်ယူတင်သွင်းသွားရန်လိုကြောင်း၊ အမေရိကန်နိုင်ငံ၏ LNG ဓာတ်ငွေ့များအား ယခင်ကပင် ရောင်းချစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည့်အတွက် ဥရောပမှ ဝယ်လိုသူများအနေနှင့် ဈေးပိုပေးပြီး ဝယ်ယူတင်သွင်းရမည်ဖြစ်ကြောင်း သိရပါသည်။

**Source:** https://oilprice.com/Energy/Natural-Gas/EU-Inks-LNG-Deal-With-US-To-Replace-Russian-Gas.html

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## အိန္ဒိယနိုင်ငံ UPI ငွေပေးချေမှုစနစ်အား နီပေါနိုင်ငံတွင် လက်ခံအသုံးပြုလျက်ရှိ

နီပေါနိုင်ငံသည် အိန္ဒိယနိုင်ငံမှ တည်ထောင်ထားရှိသော ပေါင်းစည်းငွေပေးချေမှုစနစ် (unified payment interface – UPI) ကို လက်ခံအသုံးပြုလျက်ရှိပြီဖြစ်ကြောင်း ၂၄-၃-၂၀၂၂ နေ့ အိန္ဒိယသတင်းအချက် အလက်ပြန်ကြားရေးဗျူရို (PIB) ၏ တွစ်တာအင်တာနက်စာမျက်နှာ၌ ဖော်ပြချက်အရ သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ဒီဂျစ်တယ်အသုံးပြုစနစ်အား ကမ္ဘာတစ်ဝန်း၌ အသိအမှတ်ပြုလက်ခံလာကြရာ Covid-19 ကာကွယ်ဆေးထိုးနှံမှု အထောက်အကူပြု CoWin app ဖန်တီးမှုအား နိုင်ငံများစွာက ဂုဏ်ပြုခဲ့ကြကြောင်း၊ ယခုအခါ အိန္ဒိယ၏ ပေါင်းစည်းငွေပေးချေမှုစနစ် UPI ကိုလည်း နီပေါနိုင်ငံက လက်ခံအသုံးပြုလာပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၎င်းစနစ်သည် နီပေါနိုင်ငံ၌ လူပုဂ္ဂိုလ်တစ်ဦးနှင့်အခြားတစ်ဦးကြား (P2P) သော်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးနှင့်စီးပွားရေးလုပ်ငန်းအကြား (P2M) သော်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ငွေပေးချေမှုများကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း PIB ဌာနက ဖော်ပြထားပါသည်။

အိန္ဒိယအမျိုးသားငွေပေးချေမှုကော်ပိုရေးရှင်းသည် Bharat Interface for Money-Unified Payments Interface (BHIM-UPI) ခေါ် ဒီဂျစ်တယ်ပေါင်းစည်းငွေပေးချေမှုစနစ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှ စတင်ထူထောင်အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ အစိုးရ၏ တရားဝင်စာရင်းများအရ အဆိုပါ မိုဘိုင်းကွန်ယက်အခြေပြု UPI စနစ်အား စတင်ထူထောင်ချိန်မှ ၂၈-၂-၂၀၂၂ နေ့အထိ ရူပီးငွေကုဋေပေါင်း ၈.၂၇ သိန်း တန်ဖိုးရှိသော ဒီဂျစ်တယ်ငွေပေးချေမှုအကြိမ်ပေါင်း ၄၅၂၇.၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ အလားတူ ဘူတန်နိုင်ငံသည်လည်း အိန္ဒိယ၏ BHIM-UPI ကိုအခြေခံထားရှိသည့် ငွေပေးချေမှုစနစ်ကို ယခုနှစ်ဆန်းပိုင်းမှ စတင်လက်ခံ အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။

**Source: Nepal adopts India's UPI for digital transactions, 24-3-2022, Economic Times**

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (29.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 216 | 1,686,400 | 33,109,694 | 258,256 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 1,088 | 2,995,250 | 38,929,150 | 109,002 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 15 | 39,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 10 | 26,500 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -300 | -5.88% | 4,100 | 4,800 | 4,100 | 245 | 1,032,700 | 10,497,598 | 50,388 |


### Market summary

As of 29th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.00 | -3.72 | -1.02% | 364.60 | 364.60 | 357.78 | 1,574 | 5,779,850 | 7 | 629,747 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 29th Mar. 2022

| MYANPIX | 362.00 ▼ 3.72 |
|---|---|
| Total Volume (shares) | 1,574 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 629,747 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▼ 100 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 300 |

TIR